# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများ Online Booking ဖြင့် ရက်ချိန်းရယူသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် 2019 Novel Coronavirus (COVID-19) ကြိုတင်ကာကွယ်ရေးနှင့်ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ရုံးများတွင် လူစုလူဝေးဖြင့်ဆောင်ရွက်ရသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးသင်တန်းများ၊ ၎င်းသင်တန်းနှင့် ဆက်စပ်လျက်ရှိသော ယာဉ်မောင်းလိုင်စင်ဖြေဆို စစ်ဆေးခြင်းလုပ်ငန်းများကို ၂၃.၃.၂၀၂၀ ရက်နေ့မှစတင်၍ ခေတ္တရပ်ဆိုင်းစေခဲ့ရပါသည်။ ယခုအခါ COVID-19 ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေး လုပ်ငန်းများအား အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်နိုင်ပြီဖြစ်၍ ဌာန၏ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများကို ၄.၈.၂၀၂၀ ရက် (အင်္ဂါနေ့)မှ စတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် လူစုလူဝေး များပြားမှု မရှိစေရေးအတွက် Social Distancing ကိုလိုက်နာရမည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း “ခ”ယာဉ်မောင်းလိုင်စင်အသစ်မှလွဲ၍ ကျန်ယာဉ်မောင်းလိုင်စင်များ ဖြေဆိုရယူနိုင်မည်ဖြစ်ပြီး အောက်ပါလိုင်စင်(၂)မျိုးကို Online Booking ဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

**ယာဉ်မောင်းလိုင်စင်ရေးဖြေ**

| စဉ် | ယာဉ်မောင်းလိုင်စင် အမျိုးအစား | လိုင်စင်ရေးဖြေလက်ခံ ဆောင်ရွက်ပေးမည့်အချိန် | | | |
|---|---|---|---|---|---|
| | | ၁၀:၀၀ မှ ၁၁:၃၀ ထိ (ဦးရေ) | ၁၁:၃၀ မှ ၁၃:၀၀ ထိ (ဦးရေ) | ၁၃:၃၀ မှ ၁၅:၀၀ ထိ (ဦးရေ) | ၁၅:၀၀ မှ ၁၆:၃၀ ထိ (ဦးရေ) |
| (က) | "ဃ" ယာဉ်မောင်း လိုင်စင် | ၃၀ | ၃၀ | ၃၀ | ၃၀ |
| (ခ) | "င" ယာဉ်မောင်း လိုင်စင် | ၂၀ | ၂၀ | ၂၀ | ၂၀ |

၃။ “ဃ” ယာဉ်မောင်းလိုင်စင်နှင့် “င” ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများသည် မိမိဖြေဆိုလိုသည့်နေ့ရက်များကို ၃၀.၇.၂၀၂၀ ရက် (ကြာသပတေးနေ့) မှ စတင်၍ ယခင်အတိုင်း www.rtad.gov.mm Website တွင် Online booking ကို အနည်းဆုံး(၁)ရက်မှ အများဆုံး(၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။

၄။ Online Booking အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.myanmar.gov.mm, www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ

Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်-

**နေပြည်တော်**

- ရုံးချုပ်(နေပြည်တော်) – ၀၆၇-၃၄၀၅၀၉၉

**ရန်ကုန်တိုင်းဒေသကြီး**

- တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်) – ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) – ၀၁-၂၅၈၅၀၈၂

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**